## အမှာစကား

စာရေးသူအနေဖြင့်၊

ပြီးခဲ့သည့် ငါးနှစ်ကျော် ကာလတစ်လျှောက်လုံး မြန်မာ့နိုင်ငံရေးကို မပြတ် စောင့်ကြည့်ကာ၊ သုံးသပ် ဝေဖန်စာများ အပတ်စဉ် ရေးသားခဲ့ပါသည်။

ဤသို့ ရေးသားရင်း တစ်ခါတစ်ရံတွင် အချို့သော အကြောင်းအချက် အဖြစ်အပျက်များ၊ အချို့သော ပုဂ္ဂိုလ်တို့၏ လုပ်ကိုင် ပြောဆို ဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ ပြင်းပြင်းထန်ထန် ပြောဆို ဝေဖန်ချင်စရာ၊ တစ်တစ်ခွခွ ခွဲခြမ်း စိတ်ဖြာချင်စရာ၊ တိုက်ရိုက် တုန့်ပြန် ငြင်းခုံချင်စရာများ တွေ့ရှိရတတ်ပါသည်။

ယင်းတို့ကို ဝီဝီပြင်ပြင် ရေးသော်၊ ပြင်းထန်သော ထိုးနှက် ဝေဖန်စာများ ဖြစ်သွားနိုင်သည်။

သို့သော်၊ မရေးဖြစ်ခဲ့။ အဲသည်လို ပြင်းထန်သော ဝေဖန်စာမျိုး ရေးသားသည့် အလေ့အထလည်း စာရေးသူ၌ မရှိခဲ့။



သို့သော် တစ်ခါတစ်ရံတွင် အထက်က ပြောခဲ့သည့် ဝေဖန်ချင်စရာ အကြောင်းအရာမျိုးနှင့် ကြုံရသည့်အခါ၊ ယင်းအကြောင်း စဉ်းစားရင်း သုံးသပ်ရင်းက ပြင်းထန်သော တုန့်ပြန်စိတ်များ မဖြစ်ပေါ်ဘဲ ရယ်မောလိုစိတ် သရော်လှောင်ပြောင်လို စိတ်များသာ ဖြစ်ပေါ်တတ်တာမျိုးလည်း ရှိပါသည်။ အဲသည်အခါမျိုးတွင် ယခင်က သရော်စာဝတ္ထုများ ရေးဖူးသည့် အလေ့အထနှင့် စိတ်ကူးဉာဏ်များ ပြန်လည်နိုးကြား ပေါ်ပေါက်လာတတ်ပါသည်။

အဲသည်လို စိတ်ကူးနိုးသော အခိုက်အတန့်တစ်ခုတွင် မျက်မှောက် နိုင်ငံရေးအကြောင်းအရာတစ်ရပ်ကို သရော်စာ ပုံပြင်တစ်ပုဒ်အဖြစ် ဖန်တီး ရေးသားမိရာက၊ နောင်တွင် နိုင်ငံရေးပုံပြင်အချို့ ဆက်လက် ရေးသား ဖြစ်ခဲ့သည်။

* * *

နိုင်ငံရေးပုံပြင်များ ရေးသည့်အခါ မိမိ စိတ်ကူးစိတ်သန်း ပေါ်ပေါက်သည့်အတိုင်း ချရေးဖြစ်တာလည်း ရှိသည်။ တစ်ခါတစ်ရံတွင် လက်ငင်းအကြောင်းအရာနှင့် ဆီလျော်လိုက်ဖက်သည့် နိုင်ငံတကာ ဂန္ထဝင် သရော်စာပုံပြင်တို့ကို ဆက်စပ် အမှတ်ရကာ၊ အဆိုပါ မူရင်းစာအား မြန်မာမှုပြုခြင်း၊ ၎င်းအား အခြေပြုကာ အတွေးဆင့်ပွား ရေးသားခြင်း စသည်များလည်း ပြုလုပ်ဖြစ်ပါသည်။ ယင်းတို့အနက် အထူးပြု ဖော်ပြချင်သည်က၊ ဂရိပုံပြင်ဆရာ အီစွတ်၊ ဂန္ထဝင်ပုံပြင်များကို ခေတ်ကာလ အတွေးဖြင့် ဆင့်ပွား ဝေဖန် ရေးသားသည့် အမေရိကန် ပုံပြင်သစ်ဆရာ ဂျိမ်း(စ)သာဗာ၊ နိုင်ငံရေး အကြောင်းအရာကို လက်သွားဖြင့် ရေးသည့် ရုရှား သရော်စာပုံပြင်ဆရာ အိုင်ဗင်ခရီလော့ဗ်တို့၏ ရေးသားချက်များ ဖြစ်ပါသည်။



စာရေးသူ၏ ပင်ကိုရေးများနှင့် မှီငြမ်းပြုစာများ စုစည်းထားသည့် ယခု စာအုပ်ကို 'ခြင်္သေ့၏ ကြမ်းကြုတ်သောစိတ်နှင့် မြေခွေး၏ လှည့်ဖြားတတ်သော ဉာဏ်' ဟူ၍ အမည်ပေးထားပါသည်။ တစ်ဖန်၊ ပုံပြင်ဝတ္ထုအများစုသည် ခြင်္သေ့မင်းစိုးစံရာ 'တောသုံးတောင်' အရပ်၌ ဖြစ်သော အရေးကိစ္စများကို အခြေပြုထားခြင်း ဖြစ်သဖြင့်၊ စာအုပ်အမည်အောက်၌ ဒုတိယ ခေါင်းစဉ်အဖြစ် 'တောသုံးတောင်မှ နိုင်ငံရေး ဇာတ်လမ်းများ' ဟူ၍လည်း ဖြည့်စွက်ပေးထားပါသည်။

ဤတွင်၊ ပင်မခေါင်းစဉ်နှင့် စပ်လျဉ်း၍ အနည်းငယ် ဖော်ပြလိုပါသည်။

သည်ခေါင်းစဉ်စိတ်ကူးကို သမိုင်းဝင် ထင်ရှားသည့် နိုင်ငံရေး ကဝိတစ်ဦးဖြစ်သူ နစ်ကိုလို မကျီယာဗယ်လီထံမှ ရပါသည်။ မကျီယာဗယ်လီသည် တိုင်းပြည်အုပ်ချုပ် မင်းလုပ်မည့်သူများအား လက်တွေ့ နိုင်ငံရေးနည်းနာများ သင်ကြားပြသပေးသော ဆရာတစ်ဆူ ဖြစ်ပါသည်။ သူ ရေးသားသည့် ရာဇကျမ်း (The Prince) ကို ပရပ်ရှားဘုရင် ဖရက်ဒရစ်–သ–ဂရိတ်၊ ပြင်သစ် ဧကရာဇ် နပိုလီယန်၊ စသည့် စောစောပိုင်းခေတ် မင်းများသာမက၊ နောက်ပိုင်းခေတ် အာဏာရှင်များဖြစ်သည့် ဟစ်တလာ၊ မူဆိုလီနီတို့ အပါအဝင် မင်းစိုးရာဇာ အများအပြား လက်စွဲပြုခဲ့ကြသည်။

သို့သော်၊ အာဏာရှင်တို့အတွက် လက်စွဲကျမ်းဖြစ်ခဲ့သည့် သူ့စာအုပ်သည် အုပ်စိုးစံ ပြည်သူလူထုတို့အတွက်ကား လုံးဝ မကောင်းပေ။ ထို့ပြင်၊ သူ့စာအုပ်ပါ နည်းလမ်းနှင့် အကြံဉာဏ် အများအပြားသည်လည်း ကိုယ်ကျင့်တရား ရှုထောင့်မှ ကြည့်ပါက လက်ခံနိုင်စရာ အကြောင်း မရှိပေ။



ဥပမာအဖြစ်၊ Prince ကျမ်းထဲတွင် လူပြောအများဆုံး၊ ဝေဖန် ရှုတ်ချအခံရဆုံးအပိုင်းဖြစ်သည့် အခန်း (၁၈) 'How princes should honour their word' (ကတိစကားနှင့် စပ်လျဉ်း၍ ဘုရင်မင်းတို့ မည်သို့ကျင့်သုံးအပ်သနည်း၊) ဟူသော ခေါင်းစဉ်ပါ ရေးသားချက်ထဲမှ အနည်းငယ် ကောက်နုတ် ဖော်ပြပါမည်။

ဗကျီယာဗယ်လီက၊ ကတိစကားတည်ခြင်း ဟူသည် ချီးမွမ်းအပ်သောအရာ ဖြစ်တာ မှန်သော်လည်း တကယ် လက်တွေ့၌ ကြီးကျယ်သော အောင်ပွဲများ ရရှိခဲ့သည့် မင်းများမှာ ကတိစကားကို အလေးအနက်မထားသည့် ပုဂ္ဂိုလ်များ၊ လိမ်ညာခြင်း လှည့်ဖြားခြင်း စသည့် ပရိယာယ်ဝေ့စ်တို့ကို အသုံးပြုသူများသာ ဖြစ်သည်ဟု ဆိုသည်။

ထို့ပြင်၊

တစ်ဖက်လူတို့နှင့် ရင်ဆိုင်ယှဉ်ပြိုင်ရာ၌ ဘုရင်မင်းတို့ အသုံးပြုနိုင်သည့် နည်းလမ်းနှစ်ခုရှိကြောင်း၊ တစ်ခုမှာ ဥပဒေစည်းကမ်းများအတိုင်း ယှဉ်ပြိုင်ခြင်းဖြစ်၍၊ နောက်တစ်ခုမှာ အင်အားသုံး ယှဉ်ပြိုင်ခြင်း ဖြစ်ကြောင်း၊ စည်းကမ်းအတိုင်း ယှဉ်ပြိုင်ခြင်းသည် လူ့ဓလေ့ဖြစ်၍ အင်အားသုံး ယှဉ်ပြိုင်ခြင်းမှာ သားရဲတိရစ္ဆာန်တို့၏ ဓလေ့ဖြစ်ကြောင်း၊ ပထမနည်းသည် များသောအားဖြင့် ထိရောက် လုံလောက်ခြင်း မရှိသဖြင့် ဒုတိယ နည်းလမ်းကို အားကိုးပြုရလေ့ ရှိကြောင်း၊ ထို့ကြောင့်၊ မင်းတစ်ပါးအနေဖြင့် လူတို့၏ နည်းလမ်းများရော သားရဲတိရစ္ဆာန်တို့၏ နည်းလမ်းများကိုပါ နားလည် သိရှိ သုံးစွဲတတ်ဖို့ လိုကြောင်း ပြောဆိုသည်။



တစ်ဖန်၊

တိရစ္ဆာန်တို့၏ ဓလေ့စရိုက်များကို လေ့လာနည်းမှီးရာ၌ ခြင်္သေ့ထံမှရော မြေခွေးထံမှပါ သင်ယူဖို့ လိုကြောင်း၊ အကြောင်းမူ ခြင်္သေ့သည် အခြားသတ္တဝါများကို ခွန်အားဖြင့် အနိုင်ယူနိုင်သော်လည်း ထောင်ချောက်များကိုကား ရှောင်တိမ်း ကာကွယ်နိုင်စွမ်း မရှိကြောင်း၊ မြေခွေးမှာမူ သူ့ထက် အင်အားကြီးသည့် ဝံပုလွေ ရန်ကို မခုခံနိုင်သော်လည်း ထောင်ချောက်များကိုကား ရှောင်တိမ်းနိုင်စွမ်း ရှိကြောင်း၊ ထို့ကြောင့်၊ ထောင်ချောက်များကို ရှောင်တိမ်းနိုင်ရန်အတွက် မြေခွေး၏ ဉာဏ်မျိုးရှိဖို့ လိုပြီး၊ ဝံပုလွေကို ချောက်လှန့် မောင်းထုတ်နိုင်ရန်အတွက် ခြင်္သေ့၏ ခွန်အားမျိုး လိုကြောင်း၊

ထိုသဘောအရ၊

မိမိအကျိုးကို မျှော်မြင်သော မင်းတို့အနေဖြင့် မိမိ ပေးထားခဲ့မိသည့် ကတိစကားတစ်ခုသည် မိမိအတွက် အကျိုးယုတ်စေမည်၊ သို့တည်းမဟုတ်၊ ထိုကတိစကားထားခဲ့စဉ်က အနေအထားများ ကင်းရှင်း ကွယ်ပျောက်သွားပြီဆိုက၊ ယင်းအတိုင်း လိုက်နာဆောင်ရွက်မှု မပြုသင့်တော့ကြောင်း၊.....

ခြင်္သေ့ကဲ့သို့ချည်း ကျင့်ကြံခြင်းသည် မိုက်မဲရာရောက်ကြောင်း၊ မြေခွေးကို အကောင်းဆုံး အတုယူ နည်းမှီးတတ်သူတို့သာ အကောင်းဆုံး ရလဒ်များ ရရှိတတ်ကြကြောင်း.....ပြောဆိုခဲ့သည်။

မကျီယာဗယ်လီ၏ အထက်က ရေးသားချက်ကို ဖတ်ရှုကာ၊ ပြည်သူလူထုကို နှိပ်စက်ကလူပြုတတ်သော မင်းတို့မည်သည်ကား တိုင်းပြည်အာဏာကို ချုပ်ကိုင်ထားနိုင်ရန်အတွက် ခြင်္သေ့၏ ရက်စက်ကြမ်းကြုတ်မှုနှင့် မြေခွေး၏ လိမ်လည် လှည့်ဖြားတတ်မှု



တို့ကို ဩဇ္ဈာပွားစိတ်ကင်းစွာ ပေါင်းစပ် ကျင့်သုံးတတ်ကြသူများ ပေတည်းဟု ရှုမြင်လျက် ယခု စာအုပ်အမည်ကို ရွေးချယ်ခဲ့ခြင်း ဖြစ်ကြောင်း တင်ပြအပ်ပါသည်။

စာဖတ်သူအား ထာဝစဉ် လေးစားစွာဖြင့်

**မေမြင့်**

**၂၀၊ ၈၊ ၂၀၁၅**